PGK Pyi Gyi Khin
Empowering Women and Children

# PYI GYI KHIN

No. (82), Maharsi Tharthana Yeik Thar Road, Bahan Township, Yangon, Myanmar.
Ph : 09-899384280 Email : management@pgkmm.org hr@pgkmm.org
Website : www.pgkmyanmar.org www.facebook.com/PyiGyiKhinMyanmar

## အလုပ်ခေါ်စာ

ပြည်ကြီးခင်အဖွဲ့သည် (၁၉၉၇) ခုနှစ်တွင် စတင်တည်ထောင်ပြီး ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် လက်တွဲပူးပေါင်း၍ ပြည်တွင်းလူမှုရေးလုပ်ငန်းများ လုပ်ကိုင်သည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။ အဖွဲ့အနေဖြင့် နိုင်ငံသားတိုင်း အထူးသဖြင့် အမျိုးသမီးနှင့်ကလေးတိုင် အခွင့်အရေးအပြည့်အဝရရှိပြီး လူ့ဂုဏ်သိက္ခာနှင့်အညီ ပြည့်စုံလုံလောက်သော လူမှုဘဝကို ရရှိစေရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် လူထုအား စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း နှင့် လိုအပ်သော အသိပေး တောင်းဆိုမှုများအား အဓိကထား ဆောင်ရွက်ပေးနေပြီး လူထုပါဝင်မှုအားဖြင့် တီဘီရောဂါ ရှာဖွေတိုက်ဖျက်ရေးလုပ်ငန်းများ၊ ဆေးယဉ်ပါးတီဘီရောဂါအတွက် ရပ်ရွာအခြေပြု ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများ၊ HIV ကာကွယ်ရေးလုပ်ငန်းများနှင့် အိမ်တိုင်ရာရောက်ပြုစုစောင့်ရှောက်ခြင်း ဆိုင်ရာစီမံချက်များနှင့် လူ့အခွင့်အရေးဆိုင်ရာ အသိပေးစီမံချက်များကိုလည်း လက်ရှိ ဆောင်ရွက်လျက် ရှိပါသည်။

တီဘီရောဂါကာကွယ်တိုက်ဖျက်ရေးတွင် ပြည်သူလူထုများ ပူးပေါင်းပါဝင်လာစေရေး စီမံချက် (Community Mobilization Activity , TB) အား Access to Health Fund အထောက်အပံ့ဖြင့် မြို့နယ် (၆)မြို့နယ်တွင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ပြည်သူလူထုအတွင်းတီဘီရောဂါနှင့်ပတ်သတ်၍ကျန်းမာရေးအသိပညာပေးခြင်း၊သံသယတီဘီလူနာများတီဘီလူနာနှင့်အတူနေသူများအားတီဘီရောဂါရှိ/မရှိစစ်ဆေးနိုင်ရန် ချိတ်ဆက်ညွှန်းပို့ပေးခြင်း၊တီဘီလူနာများအား လူထုအခြေပြုစောင့်ရှောက်မှု(DOT-တိုက်ရိုက်ကြည့်ရှုတီဘီဆေးတိုက်ကျွေးပေးခြင်း)၊ ဆေး၏ဘေးထွက်ဆိုးကျိုးများကို စောင့်ကြည့်ပေးခြင်း၊ နှစ်သိမ့်အားပေးခြင်းလုပ်ငန်းများကို Township Community Providers များ၊ စေတနာ့ဝန်ထမ်းများဖြင့် တက်ကြွစွာအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အထက်ပါ လုပ်ငန်းများ ဆောင်ရွက်ရာတွင် အရည်အချင်းပြည့်မီသူကို လိုအပ်ပါသဖြင့် အောက်ဖော်ပြပါ အချက်အလက်များနှင့် ပြည့်စုံသူများကို **Township Community Provider** ရာထူးအတွက် ရွေးချယ် တာဝန်ပေးအပ်လိုပါသည်။

| ရာထူး | Township Community Provider<br>(Not PGK staff, part time) |
|---|---|
| **ခန့်ထားမည့်အရေအတွက်** | **၁ ဦး** |
| **ပရောဂျက်အမည်** | **Community Social Mobilization Activity (TB)<br>Access to Health Fund** |
| **လစာ** | **၄၀၀,၀၀၀ ကျပ်** |
| **အစီရင်ခံရမည့်သူ** | **Project Assistant** |
| **စီမံချက်မြို့နယ်** | **တောင်ဒဂုံ (လေးထောင့်ကန်ရပ်ကွက်နှင့်အနီးတဝိုက်နယ်မြေ)** |

**လုပ်ဆောင်ရမည့်တာဝန်ဝတ္တရားများ**

- ပြည်ကြီးခင်၏ ဝန်ဆောင်မှုများကို လက်ခံရရှိသော လူနာများအားလုံး၏ အခွင့်အရေးများကို တန်ဖိုးထား လေးစားရမည်။
- Project Assistant ၏ ကြီးကြပ်မှုအောက်တွင် ဆောင်ရွက်ရမည်။
- လိုအပ်သောအချက်အလက်များ ၊ ကွင်းဆင်းဆောင်ရွက်မှုများနှင့် ညှိနှိုင်းဆောင်ရွက်မှုများအတွက် မြို့နယ်ကျန်းမာရေးဌာန၊ အခြားအဖွဲ့အစည်းများမှ ဝန်ထမ်းများ၊ သက်ဆိုင်ရာ ကွန်ရက်များနှင့် ဆက်သွယ်ဆောင်ရွက်ရမည်။
- TB Mobile Team နှင့်စေတနာ့ဝန်ထမ်းများအကြား လုပ်ငန်းဆောင်တာများ အဆင်ပြေစေရန် ညှိနှိုင်းဆောင်ရွက်ရမည်။
- Field levelတွင် မှတ်တမ်းများနှင့် အစီရင်ခံစာများကို အချိန်မီစုဆောင်းရာတွင် Project Assistant များအားကူညီဆောင်ရွက်ပေးရမည်။
- လက်ခံရရှိထားသောမှတ်တမ်းများအားလုံးကိုမှန်ကန်မှုရှိစေရန်နှင့်လုံခြုံစိတ်ချမှုရှိစေရန် တာဝန်ယူဆောင်ရွက်ရမည်။
- DC siteများ၊ PPM ဆေးခန်းများ၊ Fixed Clinics များနှင့် TB Mobile Team များသို့ လူနာညွှန်းပို့ခြင်းနှင့် သလိပ်ခွက်များစစ်ဆေးရန်ပို့ဆောင်ပေးခြင်းကို ကြီးကြပ်ဆောင်ရွက်ရမည်။
- စေတနာ့ဝန်ထမ်းများ၏ TB ဆေးတိုက်ကျွေးခြင်း (DOT) နှင့် အတူနေ မိသားစု ကျန်းမာရေး စစ်ဆေးပေးခြင်း (CI) လုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ရန်(Township Community Provider) သည် တစ်ပတ်လျှင် အနည်းဆုံး လူနာ ၁၀ ဦး အိမ်သို့ ကွင်းဆင်းကြည့်ရှုရမည်)
- ပြည်သူလူထုအတွင်း ကျန်းမာရေးအသိပညာပေးခြင်း နှင့် နှစ်သိမ့်ဆွေးနွေးခြင်းတို့ကို စေတနာ့ဝန်ထမ်းများ၊ စီမံချက် ဝန်ထမ်းများနှင့် အတူ ပူးပေါင်းဆောင်ရွက်ရမည်။
- ကနဦးဆေးသောက်ပျက်ကွက်သူ (initial loss to treatment) နှင့် ဆေးသောက်ပျက်ကွက်သူများ (Missed Dose Patient) ကို ဆေးပြန်သောက်ရန် ကူညီဆောင်ရွက်ပေးရမည်။
- Field Level တွင် ငွေကြေးပေးချေမှုစနစ်အား ကူညီဆောင်ရွက်ပေးရမည်။
- Field Level တွင် IEC ပစ္စည်းများနှင့် ညွှန်းပို့လွှာနှင့် မှတ်တမ်းများ (Recording & Reporting) ဖြန့်ဖြူးရာတွင် ပါဝင်ဆောင်ရွက်ပေးရမည်။
- အလုပ်ချိန်အများစုကို တာဝန်ကျရာမြို့နယ်အတွင်းသာတာဝန်ထမ်းဆောင်ရမည်။
- တာဝန်ကျရာမြို့နယ်အတွင်း နေရာအနှံ့လှည့်လည်သွားလာနိုင်ရမည်။
- တစ်ပတ်လျှင်တစ်ရက်နားရက်ရမည်။ လုပ်ငန်းလိုအပ်ချက်အရ လိုအပ်လာလျှင် ရုံးပိတ်ရက်အပါအဝင် ညနေပိုင်းများ အလုပ်ဆင်းနိုင်ရမည်။
- Program Officer မှ လုပ်ငန်းလိုအပ်ချက်အရ ပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ပေးရမည်။

PGK Pyi Gyi Khin
Empowering Women and Children

PYI GYI KHIN

No. (82), Maharsi Tharthana Yeik Thar Road, Bahan Township, Yangon, Myanmar.
Ph : 09-899384280 Email : management@pgkmm.org hr@pgkmm.org
Website : www.pgkmyanmar.org www.facebook.com/PyiGyiKhinMyanmar

**လိုအပ်ချက်များ**

- ❖ အခြေခံပညာအထက်တန်းအဆင့် အောင်မြင်ပြီးသူဖြစ်ရမည်။ (ဘွဲ့ရသူ ဦးစားပေး ခန့်ထားမည်)
- ❖ လက်ရှိ အစိုးရဝန်ထမ်း (သို့မဟုတ်) ပုဂ္ဂလိကလုပ်ငန်းများတွင် အချိန်ပြည့်ဝန်ထမ်း မဖြစ်ရပါ။
- ❖ လူမှုဆက်ဆံရေး အထူးကောင်းမွန်ရမည်။
- ❖ အခြေခံကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအတွေ့အကြုံ အနည်းဆုံး တစ်နှစ် ရှိရမည်။
- ❖ လုပ်ဖော်ကိုင်ဖက်အချင်းချင်း ဆက်ဆံရေး ကောင်းမွန်ရမည်။
- ❖ အကျိုးအမြတ်မယူသောအဖွဲ့အစည်းများနှင့်လုပ်ကိုင်ရာတွင်အတွေ့အကြုံရှိသူဦးစားပေးမည်။
- ❖ လိုက်လျောညီထွေမှုနှင့်စာနာစိတ်ရှိပြီး အသင်းအဖွဲ့စိတ်ဓာတ်ရှိရမည်။
- ❖ အမှီအခိုကင်းကင်းနှင့် တက်ကြွစွာ လုပ်ကိုင်နိုင်သူဖြစ်ရသည်။
- ❖ တောင်ဒဂုံမြို့နယ်အတွင်း နေထိုင်သူများအားလျှောက်ထားရန် တိုက်တွန်းပါသည်။

လျှောက်လွှာတင်ခြင်းအား အောက်တွင်ဖော်ပြထားသည့်အတိုင်း **google format Link** ဖြင့် သော် လည်းကောင်း စာတိုက်မှသော်လည်းကောင်း လူကိုယ်တိုင်သော်လည်းကောင်း လာရောက် လျှောက်ထားနိုင်ပါသည်။

လျှောက်ရမည့် link မှာ:

https://docs.google.com/forms/d/e/1FAIpQLSeuOAAmc-hozyZNQn66kdk8xPRW-GUWwlx2vZO_oua4FSbv0g/viewform?usp=dialog

စိတ်ဝင်စားပါက Cover Letter ၁စောင် နှင့် အသေးစိတ်ကိုယ်ရေးအချက်အလက် CV ထဲတွင် လျှောက်ထားမည့် ရာထူး၊ မိမိ လတ်တလော ဓာတ်ပုံ၊ ပညာရေးအရည်အချင်းနှင့် မိမိအားထောက်ခံပေးမည့်လူကြီး (၂)ဦး၏ ဆက်သွယ်နိုင်ရန် email နှင့် ဖုန်းနံပါတ် မဖြစ်မနေ တင်သွင်းဖော်ပြထားရပါမည်။

- ✓ လျှောက်လွှာနောက်ဆုံးတင်ရမည့်ရက်မှာ ၂၀၂၅ ခုနှစ် မေလ ၇ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅ နာရီ အထိ ဖြစ်ပါသည်။
- ✓ CV နှင့် Cover Letter သည် PDF Version ဖြင့်သာ လက်ခံပါမည်။
- ✓ အရည်အချင်းပြည့်မီသော အမျိုးသမီးများအား လျှောက်ထားရန် တိုက်တွန်းအပ်ပါသည်။
- ✓ သင်၏ CV Form တွင် ဖော်ပြထားသော အချက်အလက်အားလုံးဖြင့်မှန်ကန်မှုရှိ ရပါမည်။

- ✓ လက်ရှိပြည်ကြီးခင်တွင် တာဝန်ထမ်းဆောင်နေသော ဆွေမျိုး/အိမ်ထောင်ဖက်ရှိလျှင် လျှောက်လွှာများတွင် ဖော်ပြရန်လိုအပ်သည်။
- ✓ ပဏာမရွေးချယ်ခံရသူများကိုသာ ဆက်သွယ်အကြောင်းကြားပါမည်။ ကျေးဇူးပြု၍ တယ်လီဖုန်းဖြင့် စုံစမ်းမေးမြန်းခြင်း မပြုပါနှင့်။


ပြည်ကြီးခင်

အမှတ် ၈၂၊ မဟာစည်သာရိပ်သာလမ်း၊

ဗဟန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။